# Briefing

ဥပဒေ

*အဓိကအသုံးအနှုန်းများ*
ဥပဒေ၊ ဥပဒေဆိုင်ရာနည်းလမ်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ

iied

**ထုတ်ဝေသည့်ရက်စွဲ**
ဇွန်လ ၂၀၁၄

## မူဝါဒရေးရာညဒန်ပြမှုများ

**IITsများတွင် ပါဝင်သော 'မူလကြိုတင်ရှိနှင့်ပြီး'** ပြဋ္ဌာန်းချက်များသည်နိုင်ငံတော်အစိုးရအနေဖြင့်ခွင့်ပြုမည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိန်းချုပ်နိုင်မှုအားများစွာလျော့နည်းစေနိုင်ပါသည်။ ထိုအပြင်နောင်အခါပြဋ္ဌာန်းလိုမည့်ရင်းနှီးမြှုပ်နှံမှု မူဝါဒအတွက် ပြောင်းလွယ်ပြင်လွယ် ရှိမှုကို လျော့နည်းစေနိုင်ပါသည်။

**ဤနေရာတွင်အဓိကကိစ္စရပ်မှာနိုင်ငံတော်**အနေဖြင့်ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုများကို လွတ်လပ်ခွင့်ပြုသင့်မသင့်ဆိုသည့်အချက်မဟုတ်ပဲ ယင်းသို့လွတ်လပ်ခွင့်ပြုရန် IITsကိုအသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုများကိုစဉ်းစားအသိအမှတ်ပြုစေလိုခြင်းခြင်း ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရများအနေဖြင့်နိုင်ငံခြား**ရင်းနှီးမြှုပ်နှံမှုကိုခွင့်ပြုရန် ချည်နှောင်မှုရှိသော ကတိကဝတ်များမပြုမီ အခြားစာချုပ်များနှင့်အကျုံးဝင်သောရင်းနှီးမြှုပ်နှံသူများကအသစ်ချုပ်ဆိုသောစာချုပ်တွင်ပါဝင်သည့်ကတိကဝတ်များကို တောင်းခံလာနိုင်ခြင်း၊ အပြန်အလှန်အားဖြင့် အသစ်ချုပ်ဆိုသောစာချုပ်နှင့်အကျုံးဝင်သောရင်းနှီးမြှုပ်နှံသူများက အခြားစာချုပ်များတွင် ပါဝင်သည့် ကတိကဝတ်များကို တောင်းခံလာနိုင်ခြင်းတို့ အပါအဝင် ကတိကဝတ်များ၏ သက်ရောက်မှုများကို အပြည့်အဝနားလည်သဘောပေါက်ရန်ဖြစ်ပါသည်။

**နိုင်ငံများအနေဖြင့် 'မူလကြိုတင်ရှိနှင့်ပြီး'** ပြဋ္ဌာန်းချက်များကို IITတွင်ထည့်သွင်းရာတွင် ပါဝင်မည့် ကဏ္ဍများနှင့် မပါဝင်မည့်ကဏ္ဍများကိုသတ်မှတ်ခြင်း၊ ပါဝင်မည့် အစီအစမံများကိုသတ်မှတ်ခြင်းတို့ဖြင့်နိုင်ငံတော်၏ထိန်းချုပ်မှုကျန်ရှိသောပမာဏအပေါ်များစွာသက်ရောက်မှုရှိနိုင်ပါသည်။ယင်းတို့ကိုဂရုတစိုက်စဉ်းစားရွေးချယ်ရန်ဖြစ်ပါသည်။

# ရင်းနှီးမြှုပ်နှံမှု စာချုပ်များနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး – ရင်းနှီးမြှုပ်နှံမှုကို လွတ်လပ်ခွင့်ပြုခြင်း

ပြည်ပမှဝင်ရောက်လာမည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုစည်းမျဉ်းစည်းကမ်းဖြင့်ထိန်းချုပ်လိုသောနိုင်ငံမျာ းသည်ယေဘု ယျအားဖြင့်ပြည်တွင်းတည်ဆဲဥပဒေပြဋ္ဌာန်းချက်များကိုအသုံးပြုပါသည်။ သို့ရာတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစာချုပ် International Investment Treaties(IITs) များတွင်ရင်းနှီးမြှုပ်နှံမှုများစီးဆင်းခြင်းကိုလွတ်လပ်ခွင့်ပြုရန်ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ ယင်း 'မူလကြိုတင်ရှိနှင့်ပြီး' စာချုပ်များသည်ရင်းနှီးမြှုပ်နှံသူများကိုအားပေးနိုင်သော်လည်း နိုင်ငံများအနေဖြင့်မိမိတို့အုပ်ချုပ်သော နယ်မြေဒေသများအတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းများဆောင်ရွက်ခြင်းကိုထိန်းချုပ်နိုင်စွမ်းလျော့နည်းစေပါသည်။ IITsများနှင့် ရေရှည်တည်တံ့ နိုင်သောဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးမှုများ ပိုမိုထိရောက်စေရေး စာစောင် ၄ခုအနက် ဒုတိယစာစောင်ဖြစ်ပါသည်။

နိုင်ငံတကာဥပဒေတွင်၊ နိုင်ငံများသည်အချုပ်အချာအာဏာအရမိမိတို့ပိုင်နက်နယ်မြေအတွင်း ခွင့်ပြုမည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကိုစည်းမျဉ်း သတ်မှတ်ထိန်းချုပ်ခွင့်နှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လိုက်နာရမည့်သတ်မှတ်ချက်များကိုချမှတ်ခွင့်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုကိုခွင့်ပြုသည့် မူဝါဒမှာ များသောအားဖြင့်နိုင်ငံတော်၏ ဥပဒေအပေါ် မူတည်ပါသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစာချုပ် IITsအများစုမှာ အိမ်ရှင်နိုင်ငံက ဝင်ရောက်လာပြီးသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကိုကိုင်တွယ်ပုံကို သာချုပ်ဆိုခြင်းဖြစ်ပါသည်။

သို့ရာတွင် "မူလကြိုတင်ရှိနှင့်ပြီး" ပုံစံဖြင့်ချုပ်ဆိုသော IITsများသည်အချို့သောအခြေအနေများတွင်နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုကို ခွင့်ပြုရန်တာဝန်များ သတ်မှတ်ပေးသည်လည်းရှိပါသည်။ အစိုးရများအနေဖြင့်ရင်းနှီးမြှုပ်နှံမှုများကိုဝင်ခွင့်ပြုရာ တွင်စာချုပ်ဝင်နိုင်ငံအချင်းချင်းမှ ရင်းနှီးမြှုပ်နှံသူများကိုခွဲခြားဆက်ဆံခြင်း မပြုရန်ယင်းစာချုပ်များတွင်သတ်မှတ်ခြင်းဖြစ်ပါသည်။

ဤ 'မူလကြိုတင်ရှိနှင့်ပြီး' ချဉ်းကပ်ပုံမှာကနေဒါ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ၎င်းတို့၏ မိတ်ဘက်နိုင်ငံများနှင့်ချုပ်ဆိုသောစာချုပ်များတွင်အများဆုံးတွေ့ရပါသည်။ ဥရောပနိုင်ငံများက ဦးဆောင်ချုပ်ဆိုသော IITsများတွင် ယင်းသို့သောပြဋ္ဌာန်းချက်များ ပါဝင်လေ့ မရှိပါ။ ပိုမိုကျယ်ပြန့်သောဦးစားပေး ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များ တစ်စိတ်တစ်ဒေသအဖြစ်ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်စောင့်ရှောက်သော 'မူလကြိုတင်ရှိနှင့်ပြီး' ပြဋ္ဌာန်းချက်များ ပါဝင်လေ့ ရှိပါသည်။

ယင်းသို့သော 'မူလကြိုတင်ရှိနှင့်ပြီး' ပြဋ္ဌာန်းချက်များသည်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒကို ထိန်းချုပ်နိုင်စွမ်း အပေါ်အရေးပါသောအကျိုးဆက်များရှိနိုင်ပါသည်။ ထို့ကြောင့် ယင်းတို့ကိုIIT တွင် ထည့်သွင်းခြင်းနှင့်သတ်မှတ်ပုံတို့ကို ဂရုတစိုက် စဉ်းစားဆွေးနွေးရန်လိုအပ်ပါသည်။

## 'မူလကြိုတင်ရှိနှင့်ပြီး' နမူနာပုံစံများ လုပ်ဆောင်ပုံ

'မူလကြိုတင်ရှိနှင့်ပြီး' ပြဋ္ဌာန်းချက်များတွင်အသုံးပြုသောဝေါဟာရစကား လုံးများမှာစာချုပ်တစ်ခုနှင့်တစ်ခုမတူညီပါ။ သို့ရာတွင်ရင်းနှီးမြှုပ်နှံမှုများကိုပြုလုပ်ခြင်း၊ ရယူခြင်း သို့မဟုတ်တိုးချဲ့ခြင်းတို့အတွက် အိမ်ရှင်နိုင်ငံသည် သက်ဆိုင် အကျုံးဝင်သော ပြည်ပရင်းနှီးမြှုပ်နှံသူများကိုမိမိနိုင်ငံသားများ နှင့်/ သို့မဟုတ်အခြားနိုင်ငံများ၏ နိုင်ငံသားများ ကိုပေးအပ်သည့်အခွင့်အရေးများထက်မလျော့နည်းစေဘဲအခွင့်အရေးပေးရန် (နိုင်ငံသားကဲ့သို့ဆက်ဆံခြင်းနှင့်အထူး အခွင့်အရေး ရရှိသော နိုင်ငံကဲ့သို့ဆက်ဆံခြင်း) 'မူလကြိုတင်ရှိနှင့်ပြီး' IITs ပြဋ္ဌာန်းချက်များတွင်သာမန်အားဖြင့်ဖော်ပြထားပါသည်။

နိုင်ငံသားကဲ့သို့ဆက်ဆံခြင်း စံနှုန်း၏ အဓိပ္ပာယ်မှာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများ အတွက်တူညီသောစည်းမျဉ်းများနှင့်လုပ်ထုံးလုပ်နည်းများ ထားရှိကျင့်သုံးခြင်းဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်မူအားဖြင့်နိုင်ငံသားများနှင့်တူညီသောအခွင့်အရေးများ (ဥပမာမြေသို့မဟုတ်ကုမ္ပဏီပိုင်ဆိုင်ခွင့်များ) ရှိပြီး လုပ်ကိုင်နိုင်သောစီးပွားရေး လုပ်ငန်းများလည်း တူညီသည်ဟု ဆိုလိုပါသည်။

ဤအချက်တစ်ချက်တည်းဖြင့်ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှု အပြည့်အဝလွတ်လပ်သည်မဟုတ်ပါ။ နိုင်ငံသားများရော၊ နိုင်ငံ သား မဟုတ်သူများပါခွဲခြားဆက်ဆံခြင်းမပြုဘဲရင်းနှီးမြှုပ်နှံရာတွင်နိုင်ငံတော်

အစိုးရထံမှခွင့်ပြုချက်ရယူရန်လိုအပ်နိုင်ပါသည်။ သို့ရာတွင် “မူလကြိုတင်ရှိနှင့်ပြီး” ပြဋ္ဌာန်းချက်များကြောင့်နိုင်ငံတော်၏မူဝါဒ ရွေးချယ်နိုင်မှုများအပေါ်ကန့် သတ်မှုရှိပါသည်။ရင်းနှီးမြှုပ်နှံသူများ အားအချို့သောစီးပွားရေးလုပ်ငန်းများ ကိုမလုပ်ဆောင်စေရန်နိုင်ငံတော် အနေ ဖြင့်မှုအားဖြင့်မတားဆီးနိုင်ခြင်း၊ နိုင်ငံသားများ ရရှိသော အခွင့်အရေးများ မရရှိစေရန် မဖယ်ထုတ်နိုင်ခြင်း တို့ကြောင့်ဖြစ်ပါသည်။

IITsများသည် ‘မူလကြိုတင်ရှိနှင့်ပြီး’ ပြဋ္ဌာန်းချက်များ၏ နယ်ပယ်ကို နည်းလမ်းအမျိုးမျိုးဖြင့်ကန့် သတ်ထားကြပါသည်။ ဥပမာအချို့ IITsများသည်စာချုပ်သို့မဟုတ် စာချုပ်၏ နောက်ဆက်တွဲဇယားများ တွင်အတိအလင်း ဖော်ပြထား သောကဏ္ဍများ သို့မဟုတ်အစီအမံများအတွက်သာ အကျုံးဝင်ပါသည်။ ဤချဉ်းကပ်ပုံကိုယေဘုယျအား ဖြင့်ပါဝင်မှုပြစာရင်း ‘positive listing’ ဟု ခေါ်ပါသည်။

အခြား IITsများသည် ‘မူလကြိုတင်ရှိနှင့်ပြီး’ ပြဋ္ဌာန်းချက်များကို ယေဘုယျဖော်ပြပြီးကဏ္ဍနှင့်လုပ်ငန်းအလိုက်ချွင်း ချက်ပြုပါသည်။ (မပါဝင်မှုပြစာရင်း ‘negative listing’ ဖြစ်ပါသည်။) စာရင်းတွင်အတိအလင်း ဖော်ပြထားခြင်းမရှိသောကဏ္ဍ များ နှင့်အစီအမံများအားလုံးအတွက် ‘မူလကြိုတင်ရှိနှင့်ပြီး’ ပြဋ္ဌာန်းချက်များ အကျုံးဝင်ပါသည်။

ထို့အပြင် ‘မူလကြိုတင်ရှိနှင့်ပြီး’ IITsများသည်သာမန်အားဖြင့်ချွင်း ချက်များကိုလည်းဖော်ပြထားတတ်ပါသည်။သတ်မှတ် ချက်များနှင့် မကိုက်ညီဘဲနိုင်ငံများအနေဖြင့်ဆက်လက်ထိန်းသိမ်းထားရှိလိုသောအ ကျုံးဝင်သည့်ကဏ္ဍများနှင့်လုပ်ငန်းများဆိုင်ရာ အစီအမံများအတွက် ချွင်းချက်ပြုခြင်း ဖြစ်ပါသည်။ မကိုက်ညီသောတည်ဆဲအစီအမံအားလုံး ကိုပင်စာချုပ်တွင်ကင်း လွတ်ခွင့်ပြုနိုင်ပါသည်။ ထိုအခါ ‘မူလကြိုတင်ရှိနှင့်ပြီး’ ပြဋ္ဌာန်းချက်များသည်အစီအမံသစ်များအတွက် သာသက်ရောက်မှု ရှိပါမည်။

## မူဝါဒဆိုင်ရာ အကောင်းအဆိုးဒွန်တွဲမှုများကိုစဉ်းစားခြင်း

အချို့သောအစိုးရများသည်ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်နိုင်ရန်အလို့ငှာ နောင်အခါအချုပ်အချာအာဏာကျင့်သုံး မည့်ပုံကို ကန့်သတ်ချက်များထားရှိရေး သဘောတူညီနိုင်ပါသည်။ သို့ရာ တွင်နိုင်ငံတကာစာချုပ်များတွင် ပါဝင်သည့် ‘မူလကြိုတင်ရှိနှင့်ပြီး’ ပြဋ္ဌာန်းချက်များသည်ပေးရန်တာဝန်များ မပေါ်ပေါက်စေဘဲ အိမ်ရှင်နိုင်ငံ၏မိမိပိုင်နက် နယ်မြေအတွင်းနိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဝင်ရောက်ခြင်းကိုထိန်းချုပ်နိုင်စွမ်းလျော့နည်းစေနိုင်ပုံကိုလျှော့မတွက် မိရန်အရေး ကြီးပါသည်။

ဤနေရာတွင်နိုင်ငံတော်အနေဖြင့်ရင်းနှီးမြှုပ်နှံမှုလွတ်လပ်စွာစီးဆင်း ခြင်းကိုခွင့်ပြုသင့်မသင့်ဆွေးနွေးခြင်းမဟုတ်ပါ။ လွတ်လပ်စွာရင်းနှီး မြှုပ်နှံခွင့်ပြုလိုပါက IITsကိုအသုံးပြုခြင်းဖြင့် ဆောင်ရွက်သင့်မသင့် ဆွေးနွေးခြင်းသာဖြစ်ပါသည်။ ပြည်တွင်းဥပဒေကိုပြင်ဆင်ခြင်းဖြင့် လည်း လွတ်လပ်စွာရင်းနှီးမြှုပ်နှံခွင့်ပြုနိုင်ပါသည်။မကြာခဏပြုလည်း ပြုကြပါသည်။ မူဝါဒပြောင်းလဲလိုပါက ပြည်တွင်းဥပဒေကိုပြောင်း လဲခြင်းမှာ IIT ရင်းနှီးမြှုပ်နှံမှုစာချုပ်ကိုပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ်အဆုံးသတ်ခြင်းထက်ပိုမိုလွယ်ကူပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ IITsများတွင်စာချုပ်ကိုအဆုံးသတ်ခြင်းဆိုင်ရာကန့်သတ်ချက်များ ပါရှိနေခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်နေပါသည်။ (ဆက်စပ်နေသောခြုံငုံဖော်ပြသည့် ရှင်းလင်းချက်ကို ကြည့်ပါ။[၂])

တစ်နည်းအားဖြင့် လွတ်လပ်ခွင့်ပြုရေးကတိကဝတ်များကို IIT တွင် ထည့်သွင်းခြင်းဖြင့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒမှာ မူသေဖြစ်မှု ပိုမိုပါသည်။အပြန်အလှန်အားဖြင့် IIT တွင်ပါဝင်သောအခြားနိုင်ငံများ တွင်ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းများ ရရှိမည်ဖြစ်၍ အကျိုးကျေးဇူး များစွာဖြစ်ထွန်းနိုင်ပါသည်။ စာချုပ်များကိုသာမန်အားဖြင့် အပြန်အလှန်သတ်မှတ်ချက်များ ဖြင့် ချုပ်ဆိုကြပါသည်။

သို့ရာတွင် ဝင်ငွေနည်းပါးသော နိုင်ငံတစ်နိုင်ငံသည်ဝင်ငွေများပြား သောနိုင်ငံတစ်နိုင်ငံနှင့် IIT ချုပ်ဆိုသောအခါအနည်း ဆုံးအားဖြင့် ကာလတိုတွင် စီးပွားရေး ပကတိအခြေနေမှာ ရင်းနှီးမြှုပ်နှံမှုတစ်ဘက်သတ်သာ စီးဆင်းခြင်းဖြစ်နိုင်ပါသည်။ ဝင်ငွေများပြားသော နိုင်ငံမှ ဝင်ငွေနည်းပါးသော နိုင်ငံသို့ စီးဆင်းပါမည်။ ယင်းဖြစ်ရပ်များတွင်စာချုပ်အခြေပြု အပြန် အလှန် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်ခွင့် ပြုခြင်းကြောင့်ဖြစ်ပေါ်လာသောဝင်ငွေ နည်းသော နိုင်ငံမှရရှိနိုင်မည့်အကျိုးကျေးဇူးများ ပေါ်လွင်ထင်ရှားမည်မဟုတ်ပါ။

‘မပါဝင်မှုပြစာရင်း’ ချဉ်းကပ်ပုံကို ကျင့်သုံးသော စာချုပ်များမှာ အထူးသဖြင့် ညှိနှိုင်းသဘောတူညီရန် ခက်ခဲပါသည်။ စာချုပ်နှင့်စာချုပ်၏နောက်ဆက်တွဲဇယားများသည်နိုင်ငံအနေဖြင့် ‘မူလကြိုတင်ရှိနှင့်ပြီး’ တာဝန်များမှကင်းလွတ်ခွင့်ပြုလို သောအစီအမံများနှင့်ကဏ္ဍများ အားလုံးကိုအတိအလင်း ဖော်ပြရပါ မည်။ယင်းသို့ဖော်ပြရန်ပျက်ကွက်ပါကနိုင်ငံအနေဖြင့် IITကိုလိုက်နာ ရန်ဥပဒေကိုပြင်ဆင်ရပါမည်။သို့မဟုတ်ပါကနိုင်ငံတော်အနေဖြင့် ရင်း နှီးမြှုပ်နှံသူများ၏တောင်းခံချက်များကို ရင်ဆိုင်ရပါမည်။

ဖယ်ထုတ်ခွင့်စာရင်းရရှိရန်မှာ ရှုပ်ထွေး နိုင်ပါသည်။ဝင်ငွေနည်း ပါးသောနိုင်ငံများနှင့်ဝင်ငွေများပြားသောနိုင်ငံများအကြား ချုပ်ဆိုသော အချို့ IITsများတွင် ချွင်းချက်များနှင့် ကန့်သတ်ချက်များ အတိုင်းအတာမှာ ကြီးမားသော ဘက်မညီမှုများ ရှိပါသည်။ ပိုမိုချမ်းသာသော နိုင်ငံသည် IITs အများအပြားညှိနှိုင်းဆွေးနွေးခဲ့ဖူးပြီးစာချုပ်ညှိနှိုင်း ဆွေးနွေးသည့်အတွေ့အကြုံ ရင့်ကျက်ခြင်းကြောင့် ချွင်းချက်များနှင့် ကန့်သတ်ချက်များပါဝင်သည့် ဇယားကိုပြည့်ပြည့်စုံစုံ၊ အဆင့်မြင့်စွာဆွေး နွေးနိုင် သော်လည်းဆင်းရဲသောနိုင်ငံမှာပိုမိုတိုတောင်းသောအခြေခံ ဇယားမျှသာ ရရှိလျက် အရေးပါသောနိုင်ငံတော်မူဝါဒများကို အန္တရာယ် ဖြစ်ပေါ်စေနိုင်မည့်စိန်ခေါ်မှုများနှင့်တွေ့ဆုံစေနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုချိန်တွင် ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့ကို ဆက်ဆံမည့် နည်းလမ်းနှင့် စပ်လျဉ်း၍ စိတ်ချစေရန် လုပ်ဆောင်ရာ၌ ‘မူလကြိုတင်ရှိနှင့်ပြီး’ ပြဋ္ဌာန်းချက်များအနက်မှ တစ်ခုတည်းသော နည်းလမ်းမဟုတ်သည်ကိုသတိပြုသင့် ပါ သည်။ ဝင်ရောက် စွက်ဖက်မှု ပိုမိုနည်းပါးသော ကတိကဝတ်များလည်း ပြုနိုင်ပါသည်။ ဥပမာ အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းဥပဒေများနှင့်အညီရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုရန် စာချုပ်ပါပြဋ္ဌာန်းချက်၌နောင်အခါ နိုင်ငံအနေဖြင့်ရင်းနှီးမြှုပ် နှံ မှုဝင်ရောက်ခြင်းကို ထိန်းချုပ်ခြင်း၊ဥပဒေအပြောင်းအလဲပြုလုပ် ခြင်းများ လုပ်ဆောင်နိုင်စွမ်းကိုဆက်လက်ထိန်းသိမ်းနိုင်ပါ မည်ဟုပြဋ္ဌာန်းနိုင်ပါသည်။ပြည်တွင်းဥပဒေနှင့် ဆန့်ကျင်သော အစိုးရ၏ စည်းမျဉ်းဥပဒေလွတ် ဆုံးဖြတ်ချက်များမှလည်း ရင်းနှီးမြှုပ်နှံ သူများကို အကာအကွယ်ပေးနိုင်ပါသည်။[၃]

## လုပ်ငန်းဆောင်ရွက်မှု သတ်မှတ်ချက်များ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုရာတွင် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ပိတ်ပင်သည့်အပြင် အချို့ IITsများသည် လုပ်ငန်း ဆောင်ရွက်မှု သတ်မှတ်ချက်များ အသုံးပြုခြင်းကိုလည်း ကန့်သတ်ထားပါသည်။

လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များ မှာ “ရင်းနှီးမြှုပ်နှံသူများ လိုက်နာရမည့် သတ်မှတ်ချက်များဖြစ်ပြီး အိမ်ရှင် နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ရာ၌ သတ်မှတ်ထားသော ရည်မှန်းချက်များ ပြည့်မီစေရန် ဖြစ်ပါသည်”[၄]။ အိမ်ရှင်နိုင်ငံ များအနေဖြင့် ရင်းနှီးမြှုပ် နှံမှုများမှာနိုင်ငံမှ စီးပွားရေး အကျိုးကျေးဇူး အများဆုံး ရရှိနိုင်စေရန်ရည်ရွယ်၍ ယင်းတို့ကို ချမှတ်ခြင်း ဖြစ်ပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကို ထိန်းချုပ်သော ဥပဒေကဲ့သို့သော ကဏ္ဍ အလိုက် ဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရအကြား ကန်ထရိုက်ချုပ်ဆိုခြင်း စသည့်တို့ဖြင့် လုပ်ငန်း ဆောင်ရွက်မှုသတ်မှတ်ချက်များကို ချမှတ်နိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များမှာ ကုမ္ပဏီ၏ လုပ်ငန်းများနှင့် ချိတ်ဆက်နေသော ကိစ္စရပ် အမျိုးမျိုး ပါဝင်နိုင်

ပါသည်။ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအနက်သတ်မှတ်ထားသောရာခိုင်နှုန်းကိုနယ်မြေဒေသတွင်းရှိလုပ်ငန်းများမှ သာဝယ်ယူ၊ရယူရေး 'နယ်မြေဒေသတွင်းမှ ပစ္စည်းများ ပါဝင်မှု' သတ်မှတ်ချက်များမှအစပြု၍ အလုပ်အကိုင် ဖန်တီးခြင်း၊ ပြည်ပ တင်ပို့ခြင်း၊နည်းပညာလွှဲပြောင်းခြင်းသို့မဟုတ်သုတေသနနှင့်ဖွံ့ဖြိုးရေးတို့နှင့်ချိတ်ဆက်နေသောသတ်မှတ်ချက်များပါဝင်နိုင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုခွင့်ပြုချိန်တွင်ဖြစ်စေ၊နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့်လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်းဖြစ်စေ သတ်မှတ်ချက်တစ်ရပ် အနေဖြင့် ယင်းတို့ကို အသုံးပြုနိုင်ပါသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များကို ကျယ်ပြန့်စွာ အသုံးပြုခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့၏ ထိရောက်မှု ဆိုင်ရာသက်သေအထောက်အထားမှာ အကောင်းအဆိုး ရောနှောလျက် ရှိပါသည်[၅]။ သက်သေအထောက်အထား အချို့အရ လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များသည် နိုင်ငံများ၏ ပြည်ပပို့ကုန် တင်ပို့နိုင်မှုကို ထိရောက်စွာ တိုးမြှင့်ပေးနိုင်ပါသည်။ ဥပမာ–ဘရာဇီး၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ ထိုင်းနှင့် အမေရိကန် ပြည်ထောင်စုတို့ဖြစ်ပါသည်။ သို့ရာတွင် နယ်မြေဒေသတွင်းမှ ပစ္စည်းများ ပါဝင်မှု သို့မဟုတ် သုတေသနနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များမှာ ပေါ်ပေါက်လာသော စီးပွားရေး အခွင့်အလမ်းများကို အသုံးပြုနိုင်မည့် နယ်မြေဒေသတွင် စွမ်းရည်ရယူနိုင်မည့်အရည်အချင်းအလုံအလောက်မရှိပါကသက်ရောက်မှုနည်းပါးတတ်ပါသည်။

လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များမှာ သဘောသဘာဝအားဖြင့် 'ပြည်ပမှ မဝင်ရောက်နိုင်စေရန် တားဆီးခြင်း' ဖြစ်သောကြောင့် မတွင်ကျယ်မှုများသို့ ဦးတည်သွားနိုင်ကြောင်း[၆] အချို့သော လေ့လာသူများက ဆိုပါသည်။ လုပ်ငန်း ဆောင်ရွက်မှုသတ်မှတ်ချက်များကို အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ အပြုသဘော စီးပွားရေး ချိတ်ဆက်မှုများကို အားပေး မြှင့်တင်ရန်အတွက် နယ်မြေဒေသတွင်း စီးပွားရေး လုပ်ငန်းများကို ပိုမိုတွင်ကျယ်ပြီး ပြိုင်ဆိုင်မှုရှိစေရန် လုပ်ဆောင်ရေးမှာ အထူးအရေးကြီးပါသည်။

ရင်းနှီးမြှုပ်နှံမှု စာချုပ်အများစုတွင် လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များကို ကန့်သတ်သော ပြဋ္ဌာန်းချက်များ မပါဝင်ဘဲ အချို့တွင်သာ ပါဝင်ပါသည်။ မူလ ကြိုတင်ရှိနှင့်ပြီး ချဉ်းကပ်ပုံကို အသုံးပြုသော ရင်းနှီးမြှုပ်နှံမှု စာချုပ် များတွင် အထူးသဖြင့် တွေ့ရှိရတတ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဝင်ခွင့်ပြုရာတွင် အိမ်ရှင် နိုင်ငံ၏ တာဝန်များကို သတ်မှတ် ပြဋ္ဌာန်းသော စာချုပ်များတွင် တွေ့ရခြင်း ဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက် အမျိုးအစားအချို့ကို အသုံးပြုခြင်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ World Trade Organization (WTO)၏ စည်းမျဉ်းများ အရ ကန့်သတ်ထားပြီး ဖြစ်ပါသည်။ ကုန်သွယ်ရေးနှင့်ပတ်သက်သည့်ရင်းနှီး မြှုပ်နှံမှု အစီအမံများဆိုင်ရာ WTO သဘောတူညီချက် WTO Agreement on Trade-Related Investment Measures (TRIMs Agreement) တွင် ကုန်ပစ္စည်းများ ကုန်သွယ်ရာ၌ နိုင်ငံခြားမဟုတ်သူများကိုခွဲခြားဆက်ဆံခြင်း မပြုရန် နိုင်ငံများ၏ ကတိကဝတ်များ၊ တင်သွင်းမည့်ပစ္စည်းအရေအတွက်နှင့်စပ်လျဉ်း၍ကန့်သတ်ချက်များကိုဖယ်ရှားရန် နိုင်ငံများ၏ ကတိကဝတ်များနှင့် မညီညွတ်သည့် အစီအမံများကို တားမြစ်ထားပါသည်။ 'နယ်မြေဒေသတွင်းမှပစ္စည်းများ ပါဝင်မှု' သတ်မှတ်ချက်များမပြုလုပ်ရန်တားမြစ်ခြင်းဖြစ်ပါသည်။ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအချို့မှာအထူးအကူးအပြောင်းကာလ သတ်မှတ်ချက်များကြောင့် အကျိုး ဖြစ်ထွန်းခဲ့သော်လည်းယခုအခါ နိုင်ငံအများစုသည် WTO အဖွဲ့ဝင်နိုင်ငံများ ဖြစ် ပြီး ယင်းသတ်မှတ်ချက်များကိုလိုက်နာရပါသည်။

IITsများသည် လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များ အသုံးပြုခြင်းကို ကန့်သတ်သော်လည်း WTO စံနှုန်းများတွင် ပါဝင်သည့် ကန့်သတ်ချက်များထက် များစွာ ပိုမိုကျယ်ပြန့်သော ကန့်သတ်ချက်များ ထားရှိပါသည်။ ဥပမာအချို့ IITsများသည်အလုပ်ခန့်အပ်ခြင်း သို့မဟုတ် သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များကို ကန့်သတ်ပါသည်။ ယင်းတို့မှာ WTO TRIMs သဘောတူညီချက် နယ်ပယ်၏ ပြင်ပတွင် ကျရောက်ပါသည်။

ထို့အပြင် WTO နှင့် IITsရင်းနှီးမြှုပ်နှံမှု စာချုပ်များ ချိုးဖောက်မှုများအတွက် ကုစားမှုများလည်း မတူညီပါ။ WTO သည် နိုင်ငံများအကြား အငြင်းပွားမှုများအပေါ် အဓိကထားပါသည်။ တားမြစ်ထားသော လုပ်ငန်းဆောင်ရွက်မှု သတ် မှတ် ချက်ကို ပယ်ဖျက်လိုပါက ရင်းနှီးမြှုပ်နှံသူ၏မူလနိုင်ငံမှ တင်ပြရန် ဖြစ်ပါသည်။ လက်တွေ့တွင် မူလနိုင်ငံ အနေဖြင့် နိုင်ငံရေး အပါအဝင် ထည့်သွင်းစဉ်းစားရမည့် အကြောင်း အမျိုးမျိုးကြောင့် အိမ်ရှင်နိုင်ငံနှင့် အငြင်း မပွားလိုဘဲ ဖြစ် နိုင်ပါသည်။

ဆန့်ကျင်ဘက်အားဖြင့် IITsအများစုသည် ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား အနုညာတ စီရင်ဆုံးဖြတ်ပေးခြင်းဖြင့် နိုင်ငံတကာ ကုစားမှုများကို တိုက်ရိုက်ရရှိစေနိုင်ပါသည် (ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော် အကြား အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ရှင်းလင်းချက်ကို ကြည့်ပါ[၇])။ လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များ သည်ရင်းနှီးမြှုပ်နှံမှုစာချုပ်ကို ချိုးဖောက်သည်ဟု တွေ့ရှိဆုံးဖြတ်သည့်စီရင်ချက်များအရေအတွက် မများသေးသော်လည်း တဖြည်းဖြည်းများလာပြီး လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များသည် ရင်းနှီးမြှုပ်နှံမှုစာချုပ်ကိုမချိုးဖောက်ဟုစီရင်ဆုံး ဖြတ်သည့် ဆုံးဖြတ်ခဲ့ခြင်းများ လည်း တွေ့ရှိရပါသည်။

ပိုမိုကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှုကို လွတ်လပ်ခွင့်ပြုသည့် ကိစ္စရပ်များမှာ ကဲ့သို့ပင် ဤနေရာ၌ အဓိကလိုရင်းအချက်မှာ နိုင်ငံများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များကို အသုံးပြုသင့်မသင့် မဟုတ်ပါ။ IIT ပြဋ္ဌာန်းချက်များသည် မူဝါဒ ရွေးချယ်နိုင်မှုများကို ကန့်သတ်ခြင်းကြောင့် IIT ပြဋ္ဌာန်းချက်များဖြင့် လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက် များကိုထိန်းချုပ်ခြင်းသည် အဓိပ္ပာယ် ရှိ/မရှိနှင့် မည်သည့်အတိုင်းအတာအထိ လုပ်ဆောင်သင့်ကြောင်းကသာ အဓိက ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဓိက ကိစ္စရပ်မှာ အမျိုးသား မူဝါဒ နယ်ပယ်တွင် ကန့်သတ်ချက် မည်သည့် အဆင့် ပြုလုပ်ခြင်းမှာ လက်ခံနိုင်ဖွယ် ရှိကြောင်းပင် ဖြစ်ပါသည်။

## ဒေသအဆင့် စာချုပ်များနှင့် ဆက်စပ်လုပ်ဆောင်ခြင်း

ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်းကဲ့သို့ပင် (ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ရှင်းလင်းချက်ကို ကြည့်ပါ) IITsများတွင် ပါဝင်သော အထက်တွင် ဆွေးနွေးခဲ့သည့် အထူးအခွင့်အရေးရရှိသည့် နိုင်ငံအုပ်စုများသည် သွယ်ဝိုက်သောအားဖြင့် အိမ်ရှင်နိုင်ငံက ရည်ရွယ်သော အတိုင်းအတာထက် ပိုမိုတင်းကြပ်သော ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ မူဝါဒ ကန့်သတ်ချက်များကို ချမှတ်မိတတ်ပါသည်။ အခြားနိုင်ငံများမှ နိုင်ငံသားများအား အလားတူ အခြေအနေတွင် ပေးအပ်မည့် အခွင့်အရေးထက် မလျော့နည်းစေဘဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများကို အခွင့်အရေးပေးရန် ယင်းအုပ်စုများအရအိမ်ရှင်နိုင်ငံကသတ်မှတ်ထားခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်ဥပမာအားဖြင့်အထူးအခွင့်အရေး ရရှိသည့်နိုင်ငံအုပ်စုပါဝင်သော IITနှင့်အကျုံးဝင်သောရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံက လက်မှတ်ရေးထိုးထားသည့် အခြား IIT တစ်ရပ်တွင် 'မူလ ကြို တင်ရှိနှင့်ပြီး' နိုင်ငံသားများနှင့်တန်းတူ အခွင့်အရေးပေးရန် သတ်မှတ်ထားပါက ယင်းသို့သော အခွင့်အရေးကို ပိုမို ကျယ်ပြန့်သော ကဏ္ဍများနှင့် အစီအမံများတွင် တောင်းခံနိုင်ကောင်း တောင်းခံနိုင်ပါမည်။ သို့မဟုတ် လုပ်ငန်း ဆောင် ရွက်မှု သတ်မှတ်ချက်များကို

ပိုမိုတင်းကြပ်စွာ ကန့်သတ်စေနိုင်မည်ဖြစ်ပါသည်။

IIT နှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်ခွင့်ပြုရန် အားပေးသော ဒေသတွင်း ပေါင်းစည်းရေး သဘောတူညီချက်အကြား တည် ရှိ နိုင်သည့် ချိတ်ဆက်မှုကို ထည့်သွင်းစဉ်းစားပါက ဤကိစ္စမှာ အထူးအရေးကြီးပါသည်။ ဥပမာ ပြည့်စုံသော အာဆီယံ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် ASEAN Comprehensive Investment Agreement (ACIA) သည် နိုင်ငံတစ် နိုင်ငံစီ၏ ချွင်းချက်များနှင့် ကန့်သတ်ချက်များ ဇယားနှင့်အညီ အတိအကျ ဖော်ပြထားသော်လည်း ကျယ်ပြန့်စွာ သတ် မှတ် ထားသော ကဏ္ဍများ(ဥပမာ ကုန်ထုတ်လုပ်ငန်း) တွင် ရင်းနှီးမြှုပ်နှံမှုကို လွတ်လပ်ခွင့်ပြုပါသည်။

ACIA သည် လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များကိုလည်း ကန့်သတ်ပါသည်။ သို့ရာတွင f WTO TRIMများနှင့် အညီ သာလျှင် ကန့်သတ်ပါသည်။ တစ်နည်းအားဖြင့် ဗဃူဗ သည် လုပ်ငန်း ဆောင်ရွက်မှုသတ်မှတ်ချက်များ အမျိုး အစား အများအပြားကို ကန့်သတ်ခြင်း မရှိပါ။ ဥပမာ အလုပ်အကိုင်ခန့်အပ်ခြင်းသို့မဟုတ်ပြင်ပမှဝန် ဆောင်မှုများ ရယူခြင်းတို့ဆိုင်ရာ ကန့်သတ်ချက် မရှိပါ။

သို့ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်မဟုတ်သော နိုင်ငံတစ်နိုင်ငံနှင့် IIT ချုပ်ဆိုပြီး ယင်းစာချုပ်သည်ACIAမှာထက်ရင်းနှီးမြှုပ်နှံသူများအတွက်ပိုမိုကောင်းမွန်သောအခွင့်အရေးများ ပေးအပ်ထားပါက ဥပမာ လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်ချက်များကို ပိုမိုတင်းကြပ်စွာ ကန့်သတ်ထားခြင်း သို့မဟုတ် နိုင်ငံသားများနှင့် အလားတူ အခွင့်အရေးပေးခြင်းကို ပိုမိုကျယ်ပြန့်စွာ အကျုံးဝင်စေခြင်းတို့ ရှိပါက အာဆီယံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဗဃူဗ အထူးအခွင့်အရေးအရ မိမိတို့သည်လည်း အထူးအခွင့်အရေးရ နိုင်ငံ၏ အခွင့်အရေးများကို ရရှိထိုက်သည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရက ချမှတ်သော အစီအမံများကို ACIA က ကန့်သတ်ခြင်း မရှိသည့်တိုင် အာဆီယံ ရင်းနှီးမြှုပ်နှံသူများက မိမိတို့ကို ယင်းအစီအမံများမှ ကင်းလွတ်ခွင့် ပြုသင့်သည်ဟု ဆိုလာနိုင်ပါသည်။[၁၁]

ဆိုလိုသည်မှာ စာချုပ်များကို စနစ်တကျ ပြည့်စုံစွာ စဉ်းစားရေးဆွဲထားခြင်း မလုပ် ခဲ့ပါက အာဆီယံ အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံသည် တတိယနိုင်ငံတစ်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရာ၌ အခြား အာဆီယံနိုင်ငံများ အားလုံးကိုပါ ခံစားခွင့်များ ပေးမိလျက်သား ဖြစ်လျက် ယင်းအတွက် ဟုတ်တိပတ်တိ ဘာမျှ ပြန်လည်မရရှိဘဲဖြစ်နိုင်ပါသည်။ ထို့ကြောင့် IITsများ မချုပ်ဆိုမီ မူဝါဒဆိုင်ရာ စနစ်တကျ စဉ်းစားဆင်ခြင်ရန် အထူးလိုအပ်လျက်ရှိ ကြောင်းပြသလာပါသည်။

## နိဂုံး

ရင်းနှီးမြှုပ်နှံမှု စာချုပ်များတွင် မူလ ကြိုတင်ရှိနှင့်ပြီး ပြဋ္ဌာန်းချက်ပါတာဝန်ခံမှုများကို လက်မှတ်မရေးထိုးမီ ၎င်းတို့၏ အဓိပ္ပာယ် သက်ရောက်မှု အပြည့်အစုံနှင့် ဖြစ်နိုင်သော အခြားရွေးချယ်နိုင်မည့် နည်းလမ်းများကို ဂရုတစိုက် ထည့်သွင်း စဉ်းစားရန် အရေးကြီး ပါသည်။ မူလ ကြိုတင်ရှိနှင့်ပြီး ပြဋ္ဌာန်းချက်ပါတာဝန်ခံမှုများသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုရာ၌ နိုင်ငံတော်အစိုးရ၏ထိန်းချုပ်မှုကို များစွာလျော့နည်းကျဆင်းစေနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုမူဝါဒကို ပြောင်းလွယ်ပြင်လွယ်ပြုလုပ်ရန်ခက်ခဲ သည့်၊တနည်းအားဖြင့်rigidဖြစ် စေမှု များပြား လာပါသည်။

နိုင်ငံတော်အစိုးရများအနေဖြင့် အထူး အခွင့်အရေးရနိုင်ငံဆိုင်ရာပြဋ္ဌာန်းချက်များ၊ ဒေသတွင်း ပေါင်းစည်းရေး သဘောတူညီချက် များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း တို့အပါအဝင် မူလ ကြိုတင်ရှိနှင့်ပြီး ကတိကဝတ်များ၏ သက်ရောက် မှုများကို လည်း အပြည့်အဝ နားလည် သဘောပေါက်ရန် အရေးကြီးပါသည်။

နိုင်ငံများအနေဖြင့် IIT တွင် မူလ ကြိုတင်ရှိနှင့်ပြီး တာဝန်များကို ထည့်သွင်းလိုပါကမူဝါဒဆိုင်ရာအကွက်ချန်ထားနိုင်ရန် စာချုပ်ရေးသားရာ၌အသုံးအနှုန်းကို ချဉ်းကပ်ပုံ အမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည် (ဥပမာ ပါဝင်မှုပြနှင့် မပါဝင်မှုပြ စာရင်းများ ဖြစ်ပါသည်)။

**Lorenzo Cotula**

လော်ရန်ဇို ကိုကျူလာသည် IIEDတွင် ဥပဒေနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကသုတေသနပညာရှင် တစ်ဦးဖြစ်ပြီး၊ IIED တွင် Legal Tools Team ကို ဦးဆောင်ပါသည်။ www.iied.org/users/lorenzo-cotula.

**ရင်းနှီးမြှုပ်နှံမှု စာချုပ်များနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရှင်းလင်းချက်များ**
ဤတင်ပြချက်သည်လေးခုတွဲတင်ပြချက်ထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာသဘောတူစာချုပ်များ နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးမှုကို မြှင့်တင်ပေးရန်ရည်ရွယ်ပါသည်။ ဤတင်ပြချက်တွင် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် –

**ခြုံငုံဖော်ပြချက်း** http://pubs.iied.org/17238BIIED

**နှီးမြှုပ်နှံမှုဆိုင်ရာကာကွယ်စောင့်ရှောက်မှုပေးခြင်း** http://pubs.iied.org/17240BIIED

**ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတော်ကြား ခုံသမာဓိဖြန်ဖြေခြင်း** http://pubs.iied.org/17241BIIED

တင်ပြချက်များသည်လော်ရန်ဇို ကိုကျူလာ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဥပဒေ နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု – စိုက်ပျိုးရေးနှင့်သယံဇာတတွင်းထွက်တူးဖော်ရေး လုပ်ငန်းများဆိုင်ရာလက်စွဲစာအုပ်၊ လန်နို့နီယ http://pubs.iied.org/17513IIED ကို အခြေခံထားခြင်းဖြစ်ပါသည်။

## ဗဟုသုတထုတ်လုပ် ဖြန့်ဝေမှုများ

သဘာဝပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနိုင်ငံတကာအင်စတီကျူသည် ဒေသန္တရဆိုင်ရာဦးစားပေးလုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများနှင့်ချိတ်ဆက်လျှက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိ တန်ဖိုးအရှိဆုံးပြည်သူအချို့အား ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ၎င်းတို့ပါဝင် ဆွေးနွေးဆောင်ရွက်နိုင်မှုကို ခိုင်မာအားကောင်းစေရန် ကူညီပံ့ပိုးမှုပေးပါသည်။

**လော်ရန်ဇို ကိုကျူလာ၊**
Lorenzo Cotula
lorenzo.cotula@iied.org

80–86 Gray's Inn Road
London, WC1X 8NH
United Kingdom

Tel: +44 (0)20 3463 7399
Fax: +44 (0)20 3514 9055
www.iied.org

IIED welcomes feedback via: @IIED and www.facebook.com/theiied

ဤသုတေသနကို UK အစိုးရအဖွဲ့အတွင်းရှိ UK aid က ငွေကြေးထောက်ပံ့မှုပေးပါသည်။ သို့သော် တင်ပြထားသော အမြင်များသည် UKအစိုးရအဖွဲ့၏အမြင်များကို ကိုယ်စားပြုဖော်ပြခြင်းမဟုတ်ပါ။

## မှတ်ချက်

[1] ဤကွာခြားချက်ကိုအာဖရိကတောင်ပိုင်း ဖွံ့ဖြိုးရေး အသိုက်အဝန်း Southern African Development Community (SADC) BIT အသင့်သုံးဇယား နမူနာပုံစံ ၂၀၁၂ခုနှစ်တွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ / [2] Cotula, L. (2014) Investment treaties and sustainable development: an overview. IIED / [3] United Nations Conference on Trade and Development (2012) Investment Policy Framework for Sustainable Development.UNCTAD, Geneva and New York.http://unctad.org/en/PublicationsLibrary/webdiaepcb2012d6_en.pdf. / [4] UNCTAD (2003) Foreign direct investment and performance requirements: new evidence from selected countries. UNCTAD, Geneva and New York.http://unctad.org/en/Docs/iteiia20037en.pdf, p. 2 / [5] UNCTAD (2003) Foreign Direct Investment and Performance Requirements, note 4 above. BevigliaZampetti, A. and Fredriksson, T. (2003) The development dimension of investment negotiations in the WTO: challenges and opportunities. Journal of World Investment (4)3 399-450. Moran, T.H. (2011) Enhancing the contribution of FDI to development: a new agenda for the corporate social responsibility community, international labour and civil society, aid donors and multilateral financial institutions.Transnational Corporations 20(1) 76-78. / [6] Moran, T.H. (2011) Enhancing the contribution of FDI to development, previous note. / [7] Cotula, L. (2014) Investment treaties and sustainable development: investor-state arbitration. / [8] Mobil Investments Canada Inc. and Murphy Oil Corporation v. Government of Canada.Decision on liability and on principles of quantum. 22 May 2012, ICSID Case No. ARB(AF)/07/4, http://www.italaw.com/cases/1225. / [9] ADF Group Inc. v. United States of America.Award.9 January 2003, ICSID Case No.ARB(AF)/00/1, http://italaw.com/documents/ADF-award_000.pdf. / [10] Cotula, L. (2014) Investment treaties and sustainable development: investment protection. / [၁၀]ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား အနုညာတ စစ်ဆေးစီရင်ရာတွင် မူလရှိနှင့်ပြီး တာဝန်များကို ဗဃူဗ က ဖယ်ထုတ်ထားခြင်း ကြောင့် ဤတောင်းခံချက်မှာ အရေးယူဆောင်ရွက်ရန် ပိုမိုခက်ခဲနိုင်ပါသည်။